## ဓမ္မခန္ဓာ (၃၁) “လုကမန်”

ဥဂ္ဂဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၅၇။ သုတ်ဒေသနာ– ၃၄ ပါး။

ဦးဒွေးလွှင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّٰهِ الرَّحْمَـٰنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် – [၁း၁]

| | |
|---|---|
| ၁။<br>☆၂း၁ | **الم**۞<br>အလက်ဖ်၊လမ်၊မင်☆ |
| ၂။ | **تِلْكَ آيَاتُ الْكِتَابِ الْحَكِيمِ**۞<br>ဤသည် ရှင်းလင်းသော ကျမ်းတော်၏ သုတ်ဒေသနာတော်များ ဖြစ်၏။ |
| ၃။ | **هُدًى وَرَحْمَةً لِّلْمُحْسِنِينَ**۞<br>ကောင်းမွန်သူများအတွက် လမ်းညွှန်နှင့် ကရုဏာတော်ဖြစ်၏။ |
| ၄။<br>☆၂း၄ | **الَّذِينَ يُقِيمُونَ الصَّلَاةَ وَيُؤْتُونَ الزَّكَاةَ وَهُم بِالْآخِرَةِ هُمْ يُوقِنُونَ**۞<br>ထိုသူတို့သည် မေတ္တာဓိဌာန် မြဲမြဲကြ၏၊ လှူမှုဖူလုံကြေး ပေးကြ၏။ သူတို့သည် နောင်ဘဝကိုလည်း မျက်မှောက်ပြုကြကုန်၏။☆ |
| ၅။ | **أُولَـٰئِكَ عَلَىٰ هُدًى مِّن رَّبِّهِمْ وَأُولَـٰئِكَ هُمُ الْمُفْلِحُونَ**۞<br>ထိုသူတို့သည် သူတို့ ကံကြမ္မာရှင်၏ လမ်းညွှန်ချက်၌ ရှိ၍၊ ထိုသူတို့သည်ကား အောင်မြင်ပေါက်မြောက်သူပင် ဖြစ်၏။ |
| ၆။ | **وَمِنَ النَّاسِ مَن يَشْتَرِي لَهْوَ الْحَدِيثِ لِيُضِلَّ عَن سَبِيلِ اللَّهِ بِغَيْرِ عِلْمٍ وَيَتَّخِذَهَا هُزُوًا أُولَـٰئِكَ لَهُمْ عَذَابٌ مُّهِينٌ**۞<br>လူသားတို့အနက်၊ အသိပညာမရှိဘဲ၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ လွဲဖယ်ရန်၊ သရောင်လှောင်ပြောင်ခြင်းကို လက်ကိုင်ရန် အချီးနှီးသော ဆင့်ပြန်စကားများကို လိုက်လံကြနေကြ၏။ ထိုသူများအတွက် အရှက်ရခြင်း ဝဋ်ကြွေးသည် ရှိနေလတ္တံ့။ |
| ၇။ | **وَإِذَا تُتْلَىٰ عَلَيْهِ آيَاتُنَا وَلَّىٰ مُسْتَكْبِرًا كَأَن لَّمْ يَسْمَعْهَا كَأَنَّ فِي أُذُنَيْهِ وَقْرًا فَبَشِّرْهُ بِعَذَابٍ أَلِيمٍ**۞<br>ငါ၏ သုတ်ဒေသနာအား သူ့ကို ရွတ်ဖတ်ပြသောအခါ၊ ထို၌ မကြားသကဲ့သို့ နားသည် ပင်းသကဲ့သို့ မာနတက်လျှက် လှည့်ထွက်သွား၏၊ သူ့အတွက် သတင်းကောင်းမှာ စူးနစ်နာကျင်သော ဝဋ်ကြွေးသာ ဖြစ်၏။ |
| ၈။ | **إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَهُمْ جَنَّاتُ النَّعِيمِ**۞<br>ယုံကြည်၍ ပြုပြင်ပြောင်းလဲမှု ကျင့်ဆောင်သောသူ၊ ထိုသူတို့အတွက် ဂုဏ်ရှိသော ဥယျာဉ်ဘုံသည် ရှိနေ၏။ |
| ၉။ | **خَالِدِينَ فِيهَا وَعْدَ اللَّهِ حَقًّا وَهُوَ الْعَزِيزُ الْحَكِيمُ**۞<br>ထို၌ ကာလမဲ့ စံစားရမည်ပင်၊ ပရမတ်ဘုရားရှင်၏ ကတိတော်သည် သစ္စာတစ်ရပ် ဖြစ်၏၊ အရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၁၀။ | **خَلَقَ السَّمَاوَاتِ بِغَيْرِ عَمَدٍ تَرَوْنَهَا وَأَلْقَى فِي الْأَرْضِ رَوَاسِيَ أَن تَمِيدَ بِكُمْ وَبَثَّ فِيهَا مِن كُلِّ دَابَّةٍ وَأَنزَلْنَا مِنَ السَّمَاءِ مَاءً فَأَنبَتْنَا فِيهَا مِن كُلِّ زَوْجٍ كَرِيمٍ ۝**<br>သင်တို့ မြင်ရသည့်အတိုင်း မိုးကောင်းကင်ကို ဒေါက်တိုင် မရှိဘဲ ဖြစ်တည်စေ၏။ သင်တို့ကြောင့် မြေကမ္ဘာသည် မလှုပ်ရှားနိုင်ရန် သပ်မှိုများဖြင့် ခင်ကျင်းထား၏။ ထို၌ သက်ရှိသတ္တဝါကိုယ်စီ ပေါက်ပွားစေ၏။ ထို၌ ကျက်သရေဆောင် စုံဘက်ကိုယ်စီ မွေးဘွားဖြစ်ပေါ်ရန် ကောင်းကင်မှ မိုးရေကို သွန်းရွာစေတော်မူ၏။ |
| ၁၁။ | **هَذَا خَلْقُ اللَّهِ فَأَرُونِي مَاذَا خَلَقَ الَّذِينَ مِن دُونِهِ بَلِ الظَّالِمُونَ فِي ضَلَالٍ مُّبِينٍ ۝**<br>ဤသည် ပရမတ်ဘုရားရှင်၏ ဖြစ်တည်စေမှု နိယာမပင်တည်း။ အရှင်နှင့် ဂုဏ်ပြိုင် ကိုးကွယ်ခံရသူများ၏ ဖြစ်တည်စေခြင်း နိယာမကို ကျွန်ုပ်အား ပြသလော့။ အမှန်မှာ အမိုက်ကောင်များသည် ရှင်းလင်းသော အပါယ်လမ်း၌ ရှိ၏။ |
| ၁၂။ | **وَلَقَدْ آتَيْنَا لُقْمَانَ الْحِكْمَةَ أَنِ اشْكُرْ لِلَّهِ وَمَن يَشْكُرْ فَإِنَّمَا يَشْكُرُ لِنَفْسِهِ وَمَن كَفَرَ فَإِنَّ اللَّهَ غَنِيٌّ حَمِيدٌ ۝**<br>ငါသည် လု(က)မန်အား[၇၉၆]ပရမတ်ဘုရားရှင်နှင့် ရောပြွန်းကိုးကွယ်ခြင်း မပြုရန်၊ ရောပြွန်းကိုးကွယ်သူသည် သူ၏ ဉာဉ်စရိုက်အတွက်သာ ရောပြွန်းကိုးကွယ်မိခြင်း ဖြစ်ကြောင်း၊ ဓမ္မသတ်ပညာကို ချီးမြှင့်၏။ မည်သူသည် ဖုံးကွယ်မှောင်ချသော်လည်း ပရမတ်ဘုရားရှင်သည် ရည်သန်စူးစိုက်မှုအပေါင်းနှင့် ကုံလုံပြည့်စုံပေ၏။ |
| ၁၃။ | **وَإِذْ قَالَ لُقْمَانُ لِابْنِهِ وَهُوَ يَعِظُهُ يَا بُنَيَّ لَا تُشْرِكْ بِاللَّهِ إِنَّ الشِّرْكَ لَظُلْمٌ عَظِيمٌ ۝**<br>လု(က)မန်၏ သားအတွက်[၇၉၇] ဩဝါဒ၌၊ သူက "အို ချစ်သား၊ ပရမတ်ဘုရားရှင်နှင့် ရောပြွန်းကိုးကွယ်ခြင်းကို မပြုနှင့်၊ ကေန်ပင် ရောပြွန်းကိုးကွယ်ခြင်းသည် အဝိဇ္ဇာစီးမှုကြီးဖြစ်၏။" ဟု ဆို၏။ |
| ၁၄။ | **وَوَصَّيْنَا الْإِنسَانَ بِوَالِدَيْهِ حَمَلَتْهُ أُمُّهُ وَهْنًا عَلَى وَهْنٍ وَفِصَالُهُ فِي عَامَيْنِ أَنِ اشْكُرْ لِي وَلِوَالِدَيْكَ إِلَيَّ الْمَصِيرُ ۝**<br>ငါအရှင်က လူသားအား မိဘများနှင့် စပ်လျဉ်း၍ ဆင့်ဆိုသည်မှာ မိခင်သည် သူ့အား မေ့မြောခြင်းမတတ်၊ မေ့မြောခြင်းဖြင့် မွေးဘွားရ၏၊ နှစ်နှစ်လည်ထိ နို့ချိုတိုက်ကြွေးရ၏၊ ငါအရှင့်အားလည်းကောင်း မိဘနှစ်ပါးအားလည်းကောင်း ကျေးဇူးသိတတ်ရာ၏။ ခရီးဆုံးပန်းတိုင်သည် ငါ့ထံသို့သာ ဖြစ်၏။ |
| ၁၅။ | **وَإِن جَاهَدَاكَ عَلَى أَن تُشْرِكَ بِي مَا لَيْسَ لَكَ بِهِ عِلْمٌ فَلَا تُطِعْهُمَا وَصَاحِبْهُمَا فِي الدُّنْيَا مَعْرُوفًا وَاتَّبِعْ** |

(၇၉၆) **လု(က)မန်** ဆိုသော အမည်ကို သမ္မာကျမ်းစာတွင် ဖော်ပြခြင်း မရှိပေ။ သမ္မာကျမ်းစာနှင့် ကုရ်အံကျမ်းတော်မှာ စီးဆင်းလာရာ အရပ် ဒေသ အရှေ့အလယ်ပိုင်း– မှာ တူညီသောကြောင့် သမိုင်းတင်ပြပုံ ဒသနနှင့် ယုံကြည်ချက် အဆီအနှစ်ခြင်း မတူညီသော်လည်း အပေါ်ယံ ယေဘုယျ သမိုင်းမှာ များစွာတူ သယောင်ရှိ၍၊ သမ္မာကျမ်းစာပါ ဖော်ပြထားသည့် သတင်းတော်ဆောင်၊ ဉာဏ်စဉ်တော်ဆောင်များ၏ အမည်များမှာ တူညီမှုများ ရှိသကဲ့သို့ **သူကဘ့်ဖ်လိ** (ကပိလပြည့်ရှင်)၊ **သူလ်ကာနိုင်** (ကာနိုင်မင်းကြီး) **လု(က)မန်** စသည့် သမ္မာကျမ်းစာ၌ ဖော်ပြခြင်း မရှိသော ကိုယ်တော်များအား ကျမ်းမြတ်ကုရ်အံတွင် တွေ့ရပေသည်။ သို့သော် ထိုကိုယ်တော်များကို ဖော်ပြတိုင်း နောက်လူများ နားလည်နိုင်စေရန် ထိုအမည်များတွင် အဓိပ္ပါယ်များ ရှိနေပေသည်။ **လု(က)မန်**၏ အဓိပ္ပါယ်မှ **"ပုံပြောကောင်းသူ၊"** ဟု ဖြစ်ပေသည်။ ထိုစကားလုံးနှင့် ရင်းမြစ်တူ စကားလုံး **လာတကမာတု** "ပါးစပ်နှင့်အပြည့်၊" ပါးစပ်ထဲတွင် စကားလုံးများ သို့မဟုတ် အရာဝတ္ထုတစ်ခုကို အပြည့်ဖြည့်ထားခြင်းကို ၃၇း၁၄၂ တွင် ဖော်ပြထား ပေသည်။ ထို့ကြောင့် **လု(က)မန်** ဆိုသည်မှာ ဂရိစာပေလာ– အီသီယိုပီးယားမှ ပုံပြောကောင်းသည့် **"အီဆွဖ်"** ဖြစ်သည်ဟု အချို့ ဆရာတော်ကြီးများက တင်ပြသည်များလည်း ရှိပေသည်၊ အချို့ကလည်း လု(က)မန်သည် သားကို ဆုံးမသည့် အကြောင်းကို ညွှန်းပြ သွန်သင်သောကြောင့် တရုတ်ပြည်မှ **ကွန်ဖြူးရှပ်** သို့မဟုတ် **တောက်** ကို ဆိုလိုသည်ဟု ဆိုကြပေသည်။ မည်သို့ဆိုစေ ကျမ်းတော်က ရည်ရွယ်သည်မှာ ရှေးမှ လူသား ဉာဏ်စဉ်တော်ဆောင်များကို ဖော်ပြ၍ သူတို့၏ အဆုံးအမများကို နမူနာယူနိုင်ရန်၊ ထိုနမူနာယူခြင်းဖြင့် မိမိကိုယ်မိမိ ပြုပြင်ရန် နောက်လာနောက် သားများအတွက် အမွေကောင်းများ ထားခဲ့နိုင်ရန်အတွက်သာ ရည်ရွယ်ခြင်းဖြစ်ပေသည်။ သူသည် မည်သူမည်ဝါဖြစ်၍ ပုဂ္ဂိုလ်ရေးဆည်းကပ်ရန် သွန်သင်ခြင်း အလျဉ်းမရှိချေ။

(၇၉၇) သားဆိုသည်မှာ နောက်လိုက် ဒကာများကိုလည်း ခေါ်ဆိုပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

မိဘ سَبِيلَ مَنْ أَنَابَ إِلَيَّ ثُمَّ إِلَيَّ مَرْجِعُكُمْ فَأُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ۞
အကယ်၍ **သူတို့**က သင့်အား သင်မသိသော အရာအား ငါအရှင်နှင့် ရောပြွန်းကိုးကွယ်စေရန် ကြိုးပမ်းခဲ့လျှင် **သူတို့**အား မနာခံလင့်၊ လောကီမှု၌ **သူတို့**အား မျှတရည်ငံစွာ ပေါင်းဖက်ဆက်ဆံလော့၊ သို့သော် ငါ့ဘက်တော်သို့ ဦးတည်ချက် ရှိသူများကိုသာ နာခံလော့၊ တဖန် သင်တို့ အားလုံးသည် ငါ့ထံသို့ ပြန်လှည့်ရမည်သာ ဖြစ်၏၊ သင်တို့ ကျင့်ကြံခဲ့သမျှအတွက် သင့်တို့အား ဆင့်ပြန်လေလတ္တံ့။

၁၆။ يَا بُنَيَّ إِنَّهَا إِن تَكُ مِثْقَالَ حَبَّةٍ مِّنْ خَرْدَلٍ فَتَكُن فِي صَخْرَةٍ أَوْ فِي السَّمَاوَاتِ أَوْ فِي الْأَرْضِ يَأْتِ بِهَا اللَّهُ إِنَّ اللَّهَ لَطِيفٌ خَبِيرٌ۞
အို ချစ်သား၊ ပရမံနုမြူ၏ သိပ်သည်းဆသည်၊[၇၉၈] ကျောက်ခဲတုံးကြီး၏ အတွင်း၌ဖြစ်စေ၊ မိုးများအတွင်း မြေအတွင်း၌ဖြစ်စေ ရှိငြားသော်လည်း ပရမတ်ဘုရားရှင်သည် ၎င်းကို ဆွဲထုတ်ယူခဲ့မည်ပင်၊ ပေန်ပင် ပရမတ်ဘုရားရှင်သည် အသေးစိတ် သိနေတော်မူ၏၊ သတင်းရနေတော်မူ၏။

၁၇။ يَا بُنَيَّ أَقِمِ الصَّلَاةَ وَأْمُرْ بِالْمَعْرُوفِ وَانْهَ عَنِ الْمُنكَرِ وَاصْبِرْ عَلَى مَا أَصَابَكَ إِنَّ ذَلِكَ مِنْ عَزْمِ الْأُمُورِ۞
အို ချစ်သား မေတ္တာဝိဌာန် မြဲမြံလော့၊ မျှတညီညွတ်မှုကို စီမံလော့၊ အကုသိုလ်မှုကို တားမြစ်လော့၊ သင်တို့ ထိခိုက်သည် ဖြစ်စေ ခန္တီပါရမီပေါ်၌ ရှိလော့– ကေန်ပင် ဤသည် အရေးအရာတို့အား ဖြေရှင်းမှုနည်းပညာဖြစ်၏။

၁၈။ وَلَا تُصَعِّرْ خَدَّكَ لِلنَّاسِ وَلَا تَمْشِ فِي الْأَرْضِ مَرَحًا إِنَّ اللَّهَ لَا يُحِبُّ كُلَّ مُخْتَالٍ فَخُورٍ۞
လူသားတို့အား မထီလေးစား မျက်နှာ မထားနှင့်၊ မောက်မာဆောင့်ကြွား၍ မြေကမ္ဘာ၌ မသွားလာလင့်၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ဘဝင်မြင့် ကြွားဝါးသူအား နှစ်သက်တော်မမူချေ။

၁၉။ وَاقْصِدْ فِي مَشْيِكَ وَاغْضُضْ مِن صَوْتِكَ إِنَّ أَنكَرَ الْأَصْوَاتِ لَصَوْتُ الْحَمِيرِ۞
သွားလာမှု၌ အလယ်အလတ်ဖြစ်စေလော့၊ လေသံတင်းမာမှု မရှိစေလင့်၊ မနှစ်မြို့ဘွယ် လေသံတင်းမာခြင်းသည် မြည်းသတ္တဝါ၏ အသံကဲ့သို့သာ ဖြစ်၏။

၂၀။ أَلَمْ تَرَوْا أَنَّ اللَّهَ سَخَّرَ لَكُم مَّا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ وَأَسْبَغَ عَلَيْكُمْ نِعَمَهُ ظَاهِرَةً وَبَاطِنَةً وَمِنَ النَّاسِ مَن يُجَادِلُ فِي اللَّهِ بِغَيْرِ عِلْمٍ وَلَا هُدًى وَلَا كِتَابٍ مُّنِيرٍ۞
ပရမတ်ဘုရားရှင်က မိုးများအတွင်း မြေအတွင်း ရှိသော အရာတို့ကို သင်တို့အတွက် အသုံးခံဖြစ်စေကြောင်း၊ သင်တို့အတွင်းအပြင် နှစ်ဌာနလုံးကို ဂုဏ်ပေးခြင်းဖြင့် ဖြည့်ဆီးထားကြောင်း သင်တို့ မဆင်ခြင်ကြသလော။ သို့ပါလျှက် လူသားတို့အနက် အသိပညာ၊ လမ်းညွှန်ချက်၊ ရှင်းလင်းထင်ရှားသော ကျမ်းတော် မရှိဘဲလျှက် ပရမတ်ဘုရားရှင်နှင့် စပ်လျှဉ်း၍ စောဒကတက်လိုသူ ရှိနေ၏။

၂၁။ وَإِذَا قِيلَ لَهُمُ اتَّبِعُوا مَا أَنزَلَ اللَّهُ قَالُوا بَلْ نَتَّبِعُ مَا وَجَدْنَا عَلَيْهِ آبَاءنَا أَوَلَوْ كَانَ الشَّيْطَانُ يَدْعُوهُمْ إِلَى عَذَابِ السَّعِيرِ۞
သူတို့အား ပရမတ်ဘုရားရှင်က ချမှတ်ပေးရာအား လိုက်နာကြကုန်လော့ ဟု ပြောသောအခါ၊ သူတို့က "အမှန်မှာ ကျွန်ုပ်တို့သည် မိရိုးဖလာမှ တွေ့ရှိချက်ကိုသာ လိုက်နာနေကြ၏၊" ဟု ပြန်ပြောကြ၏။ "အလို၊–– မကောင်းဆိုးဝါးသည် သူတို့အား တောက်လောင်နေသော ဝဋ်ကြွေးထဲသို့ ခေါ်ငင်ခဲ့ပြီ မဟုတ်တုံလော။"

---

(၇၉၈) **حَبَّةٍ ဟာဘာတင်** ဆိုသည်မှာ လုံးကောက် အဓိပ္ပါယ်အားဖြင့် မုန်ညှင်းစေ့ ဟု ဖြစ်သော်လည်း အာရဗ်များက အလွန်အသေးဆုံး အမှုန်များကို ပြောဆိုခြင်းဖြစ်သည်၊ ထိုကြောင့် ဤနေရာ၌ ပရမံနုမြူမှုန် ဟု ဘာသာပြန်ဆိုခြင်း ဖြစ်ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၂၂။ | **وَمَن يُسْلِمْ وَجْهَهُ إِلَى اللَّهِ وَهُوَ مُحْسِنٌ فَقَدِ اسْتَمْسَكَ بِالْعُرْوَةِ الْوُثْقَى وَإِلَى اللَّهِ عَاقِبَةُ الْأُمُورِ۞**<br>ပရမတ်ဘုရားထံသို့ ရှေ့ရှုဦးတည် ငြိမ်းချမ်းမှုပြု သူ၊ ကောင်းမှုဆောင်သော ထိုသူသည်၊ ခိုင်မာမြဲမြံသော လက်ကိုင်အား ဆုပ်ကိုင်သူဖြစ်၏။ ပရမတ်ဘုရားရှင်ထံသို့သာ အရေးအရာအပေါင်းသည် ဆိုက်ရောက် ချုပ်ငြိမ်းရမည်ပင်။ |
| ၂၃။ | **وَمَن كَفَرَ فَلَا يَحْزُنكَ كُفْرُهُ إِلَيْنَا مَرْجِعُهُمْ فَنُنَبِّئُهُم بِمَا عَمِلُوا إِنَّ اللَّهَ عَلِيمٌ بِذَاتِ الصُّدُورِ۞**<br>ဖုံးကွယ်မှောင်ချသူ သူ၏ ဖုံးကွယ်မှုကြောင့် သင့်စိတ်ကို မထိခိုက်စေလင့်၊ သူတို့၏ လှည့်ပြန်ရာသည် ငါ့ထံသို့သာ ဖြစ်၏။ သို့ဖြင့် သူတို့၏ ကျင့်ကြံခဲ့သမျှကို သူတို့အား ဆင့်ပြန်ခြင်းခံရစေလတ္တံ့၊ ကေနပင် ပရမတ်ဘုရားရှင်သည် အတွင်းအစွဲတွေများကို သိနေတော်မူ၏။ |
| ၂၄။ | **نُمَتِّعُهُمْ قَلِيلًا ثُمَّ نَضْطَرُّهُمْ إِلَى عَذَابٍ غَلِيظٍ۞**<br>သူတို့အား ယာယီအနည်းငယ် ပျော်ပါးခွင့်ပြုထား၏၊ တဖန် မာန်ဖီနေသော ဝဋ်ကြွေးထဲသို့ မောင်းထည့်မည်ပင်။ |
| ၂၅။ | **وَلَئِن سَأَلْتَهُم مَّنْ خَلَقَ السَّمَاوَاتِ وَالْأَرْضَ لَيَقُولُنَّ اللَّهُ قُلِ الْحَمْدُ لِلَّهِ بَلْ أَكْثَرُهُمْ لَا يَعْلَمُونَ۞**<br>သူတို့အား "မိုးများနှင့် မြေကမ္ဘာအား အဘယ်သူက ဖြစ်တည်စေသနည်း၊" ဟု မေးသော်၊ "ပရမတ်ဘုရားရှင် ဖြစ်၏။" ဟု ဆိုကြလိမ့်မည်၊ ဟောလော့ "ရည်သန်စူးစိုက်မှုအပေါင်းသည် ပရမတ်ဘုရားရှင်အဘို့သာ ဖြစ်၏။" သို့သော် သူတို့မှ အများစုမှာ သိနိုင်စွမ်းအား မရှိချေ။ |
| ၂၆။ | **لِلَّهِ مَا فِي السَّمَاوَاتِ وَالْأَرْضِ إِنَّ اللَّهَ هُوَ الْغَنِيُّ الْحَمِيدُ۞**<br>မိုးများနှင့် မြေကမ္ဘာသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ ကေနပင် ပရမတ်ဘုရားရှင်၊ အရှင်သည် ကုံလုံပြည့်စုံ၏၊ ရည်သန်စူးစိုက်မှုတည်ရာ ဖြစ်၏။ |
| ၂၇။ | **وَلَوْ أَنَّمَا فِي الْأَرْضِ مِن شَجَرَةٍ أَقْلَامٌ وَالْبَحْرُ يَمُدُّهُ مِن بَعْدِهِ سَبْعَةُ أَبْحُرٍ مَّا نَفِدَتْ كَلِمَاتُ اللَّهِ إِنَّ اللَّهَ عَزِيزٌ حَكِيمٌ۞**<br>အကယ်၍ မြေကမ္ဘာမှ သစ်ပင်များသည် **ကလောင်များ**ဖြစ်၍၊ သမုဒ္ဒရာ– နောက်ထပ် သမုဒ္ဒရာ ခုနစ်ဆက်ကို တိုးရွှေ့ပေးသော်လည်း ပရမတ်ဘုရားရှင်၏ မုက္ခပါတ်တော်များသည် ကုန်ဆုံးဘွယ်မရှိ၊ ကေနပင် ပရမတ်ဘုရားရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။[၇၉၉] |
| ၂၈။ | **مَّا خَلْقُكُمْ وَلَا بَعْثُكُمْ إِلَّا كَنَفْسٍ وَاحِدَةٍ إِنَّ اللَّهَ سَمِيعٌ بَصِيرٌ۞**<br>သင်တို့အား ဖြစ်တည်စေခြင်း၊ သင်တို့အား ရှင်ပြန်နိုးကြွစေခြင်းသည် ဉာဉ်စရိုက် တစ်ခုတည်းမျှသာ ဖြစ်၏။ ကေနပင် ပရမတ်ဘုရားရှင်သည် ကြားနေတော်မူ၏၊ မြင်သိနေတော်မူ၏။ |
| ၂၉။ | **أَلَمْ تَرَ أَنَّ اللَّهَ يُولِجُ اللَّيْلَ فِي النَّهَارِ وَيُولِجُ النَّهَارَ فِي اللَّيْلِ وَسَخَّرَ الشَّمْسَ وَالْقَمَرَ كُلٌّ يَجْرِي إِلَى أَجَلٍ مُّسَمًّى وَأَنَّ اللَّهَ بِمَا تَعْمَلُونَ خَبِيرٌ۞**<br>ပရမတ်ဘုရားရှင်သည် ညကို နေ့ထဲသို့ တိုးဝင်စေခြင်း၊ နေ့ကို ညထဲသို့ တိုးဝင်စေခြင်း နေနှင့်လတို့အား အသုံးခံများဖြစ်စေရန် ကိုယ်စီ သတ်မှတ်ထားသော အချိန်ကာလအတိုင်း စီးမြောနေစေသည်ကို သင်တို့ မဆင်ခြင်ကြသလော၊ |

(၇၉၉) ဤသုတ်တော်တွင် ကလောင်များဟု ပြန်ဆိုသော **أَقْلَامٌ အဘ္ဂက်လားမွန်** ဆိုသော ဝေါဟာရသည်၊ သစ်ပင်များကိုယ်တိုင် ကလောင်များဖြစ်လာနိုင်သည် တနည်းအားဖြင့် သစ်ပင်သစ်ပိုင်းများမှ ကလောင်တံများ ပြုလုပ်နိုင်သည်ဟု ဖြစ်သကဲ့သို့ သစ်ပင်များသည် ရေးမှတ်ခြင်းခံရသည့် စာရင်းတွင် ရှိသည်ဟုလည်း ဖြစ်ပေသည်။ တနည်းအားဖြင့် သစ်တောဌာနများ ဖြစ်ပေါ်လာမည်၊ သစ်ပင်များ၏ အမျိုးအမည်များအားလုံးကို အမည် ကင်ပွန်းတပ်လာနိုင်မည်၊ သို့မဟုတ် သစ်ပင်မျိုးစိတ်များကို မျိုးရိုးဗီဇပြောင်းလဲလာစေနိုင်မည်– စသည်ဖြင့် **အဘ္ဂက်လားမွန်** သည် မြောက်များစွာ ကျယ်ဝန်းသော အဓိပ္ပါယ်ကို ပေးပေသည်။ သမုဒ္ဒရာများ တိုးရွှေ့သည် ဆိုခြင်းကို ၁၈း၁၀၉ တွင်ကြည့်ပါ။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| | ကေန်ပင် ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို သတင်းရနေတော်မူ၏။ |
| ၃၀။ | ذَلِكَ بِأَنَّ اللَّهَ هُوَ الْحَقُّ وَأَنَّ مَا يَدْعُونَ مِن دُونِهِ الْبَاطِلُ وَأَنَّ اللَّهَ هُوَ الْعَلِيُّ الْكَبِيرُ ۞<br>ယင်းမှာ၊ ကေန်ပင် ပရမတ်ဘုရားရှင်၊ အရှင်သည် ပရမတ္ထသစ္စာဖြစ်၏။ အရှင့်အား တုပြိုင်လျှက် ဆုတောင်းနေကြရာတို့သည် မိစ္ဆာသာဖြစ်၏။ ကေန်ပင် ပရမတ်ဘုရားရှင်– အရှင်သည် မြင့်မြတ် ကြီးကျယ်တော်မူ၏။ |
| ၃၁။ | أَلَمْ تَرَ أَنَّ الْفُلْكَ تَجْرِي فِي الْبَحْرِ بِنِعْمَتِ اللَّهِ لِيُرِيَكُم مِّنْ آيَاتِهِ إِنَّ فِي ذَلِكَ لَآيَاتٍ لِّكُلِّ صَبَّارٍ شَكُورٍ ۞<br>ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုဖြင့် ပင်လယ်သမုဒ္ဒရာ၌ ရေယာဉ်များ စီးမြောနေကြသည်ကို သင်တို့ မဆင်ခြင်သလော၊ အရှင်၏ နိမိတ်လက္ခဏာများကို သင်တို့မြင်နိုင်ရန် အလို့ငှာ ဖြစ်၏။ ကေန်ပင် ဤ၌ သည်းခံတတ်၊ ကျေးဇူးသိတတ်သူတို့အတွက် နိမိတ်လက္ခဏာရပ် ရှိနေ၏။ |
| ၃၂။ | وَإِذَا غَشِيَهُم مَّوْجٌ كَالظُّلَلِ دَعَوُا اللَّهَ مُخْلِصِينَ لَهُ الدِّينَ فَلَمَّا نَجَّاهُمْ إِلَى الْبَرِّ فَمِنْهُم مُّقْتَصِدٌ وَمَا يَجْحَدُ بِآيَاتِنَا إِلَّا كُلُّ خَتَّارٍ كَفُورٍ ۞<br>လှိုင်းတန်ပိုးသည် အရိပ်စီး လွှမ်းမိုးသောအခါ၊ ပရမတ်ဘုရားရှင်အား သန့်သန့်ထားသော သဒ္ဓါဖြင့် ဆုတောင်းကြ၏။ သူတို့အား ကုန်းပေါ်သို့ ကယ်တင်လိုက်သည့်နှင့် သူတို့ထဲမှ အလယ်အလတ်၌ ရပ်သူရှိ၏။ သစ္စာဖေါက် ဖုံးကွယ်မှောင်ချသူမှအပ ငါ၏သုတ်ဒေသနာများကို ပယ်ချသူ မရှိချေ။[၁၀၀] |
| ၃၃။ | يَا أَيُّهَا النَّاسُ اتَّقُوا رَبَّكُمْ وَاخْشَوْا يَوْمًا لَّا يَجْزِي وَالِدٌ عَن وَلَدِهِ وَلَا مَوْلُودٌ هُوَ جَازٍ عَن وَالِدِهِ شَيْئًا إِنَّ وَعْدَ اللَّهِ حَقٌّ فَلَا تَغُرَّنَّكُمُ الْحَيَاةُ الدُّنْيَا وَلَا يَغُرَّنَّكُم بِاللَّهِ الْغَرُورُ ۞<br>အို လူသားတို့၊ သင်တို့၏ ကံကြမ္မာရှင်အား စည်းစောင့်ကြလော့၊ အဖေက သူ့သားအား အကျိုးမပြုနိုင်သော သားက သူ့အဖေအား စိုးစဉ်းမျှ အကျိုးမပေးနိုင်သော နေ့ကာလကို ကြောက်ရွံ့ကြလော့၊ ပရမတ်ဘုရားရှင်၏ ကတိတော်သည် သစ္စာတစ်ရပ်ပင် ဖြစ်၏။ လောကီသက်တမ်းက သင်တို့အား မလှည့်စားစေလင့်၊ လှည့်စားသူက ပရမတ်ဘုရားရှင်မှ တိမ်းရန် သင်တို့အား မလှည့်စားစေလင့်။ |
| ၃၄။ | إِنَّ اللَّهَ عِندَهُ عِلْمُ السَّاعَةِ وَيُنَزِّلُ الْغَيْثَ وَيَعْلَمُ مَا فِي الْأَرْحَامِ وَمَا تَدْرِي نَفْسٌ مَّاذَا تَكْسِبُ غَدًا وَمَا تَدْرِي نَفْسٌ بِأَيِّ أَرْضٍ تَمُوتُ إِنَّ اللَّهَ عَلِيمٌ خَبِيرٌ ۞<br>ကေန်ပင် အချိန်နာရီ အကြောင်းကို သိခြင်းမှာ ပရမတ်ဘုရားရှင်၏ ထံ၌သာ ရှိ၏။ အရှင်သည် မိုးကို ရွာသွန်းစေ၏၊ ဝမ်းကြာတိုက်တွင်းမှ အရာအား သိနေတော်မူ၏၊ မနက်ဖြန်တွင် မည်သည့်အရာအား ဆည်းပူးရရှိမည်ကို သိသော ဉာဉ်မရှိ၊ မည်သည့် မြေ၌ သေရမည်ကို သိသော ဉာဉ်မရှိ၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် သိနေတော်မူ၏၊ သတင်းရနေတော်မူ၏။ |

(၁၀၀)ဤသုတ်တော်မှပြောသော အလယ်အလတ်၌ ရပ်သူဆိုသည်မှာ –အယူမသည်း မစ္ဆိမပဋိပဒါ၌ ရှိသူ ဟု ဆိုလိုခြင်း မဟုတ်ချေ။ သူသည် ဒုက္ခကြီးကို ကြုံတွေ့သောအခါ၊ ဘုရားမှအပ အဘယ်ဆရာသမား အဘယ်ဘုန်းကြီးကိုမှ တမ်းတခဲ့ခြင်း မရှိပေ။ သို့သော် ဘေးကင်းသည်နှင့် ဘုရားရှင်ကို အကြွင်းမဲ့ယုံကြည်ရမည် ဆိုသည့် စိတ်အား မေ့လျှက် ဘုရားနှင့်– ဆရာသမားဘုန်းကြီးများကြား၌ နှစ်ဘက်ခွလျှက် ရပ်တည်ခြင်းကို ဆိုလိုပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com